
ဘာသာပြန် – MTSO(MBW)
ကျင့်ကြံခြင်းကမ္ဘာမှအင်တာနက်ကဖေး
စာစဉ် (၄၈)
Chapter (706-720)

## အခန်း 706
## ငါ့ရဲ့ချန်ပီယံ ..ထလော့...

*

~ လူပု ရက်ဖ်က အကြီးအကဲဆီဝဲလ်ကို အံ့ဩစွာ ကြည့်လိုက်သည်။

"ဘာမှားလို့လဲ"

"ဒီစစ်ဆင်ရေးက ကျုပ်နဲ့ အဆင်ပြေသားပဲ...ဒါက အထူးကျွမ်းကျင်ဖို့ လိုတာလား"

ထိုအခါ ဖန်းချီ က သူ့မျက်နှာကို လက်ဖဝါးဖြင့် အုပ်ပြီး စိတ်ပျက်လက်ပျက် ရှင်းပြသည်။

"ကျုပ် ဆိုလိုချင်တာက အဲ့ဒီခွေးကို ဟိုင်ဘာနိတ်ဆိုတဲ့ ဆောင်းခို မန္တန်နဲ့ အိပ်ခိုင်းတာကို ပြောတာလေဗျာ။ခင်ဗျားတို့ အင်းစတန့်တစ်ခုကို မလုပ်ရှားခင် ဂိမ်းအသုံးနည်းနည်းပါးပါးကို မလေ့လာခဲ့ကြဘူးလား..."

"ဘယ်လို.."

အကြီးအကဲဆီဝဲလ်သည် ဒေါသကြောင့် သတိမေ့လုနီးပါး ဖြစ်နေတော့သည်။

"အဲ့လိုလား။ငါလည်း နင့်ရဲ့ထူးဆန်းတဲ့ အမိန့်ကြောင့် အံ့ဩနေခဲ့တာ။ဘလစ်ဇတ်အလုပ်ရုံရဲ့ ဒီလျှို့ဝှက်ဆန်းကြယ်တဲ့ နယ်မြေဟာ ထူးဆန်းလိုက်တာလို့တောင် ငါ ထင်နေခဲ့တာ။!"

"ထူးဆန်းတယ်လို့ တွေးမိတာများ ကျုပ်ကို မမေးခဲ့ဘဲနဲ့ ။..."

"နင်ပဲ နင့်မှာ ရှင်းပြဖို့ အချိန် မရှိလို့ မေးခွန်းမမေးနဲ့လို့ ပြောခဲ့တာမလား..."

ထိုအခါ ဖန်းချီ ပြောစရာ စကား ဆုံးရှုံးခဲ့ရသည်။

"ထားပါတော့။ကျုပ်တို့ ထပ်စရအောင်။ နာနီ..ဟိုက်ဘာနိတ်မန္တန်ကို သုံးပြီး ခွေးတစ်ကောင်ကို အိပ်ခိုင်းလိုက်ပါ။"

"လက်တွေ့ကမ္ဘာရှိ မန္တန်တွေက ဂိမ်းတွေမှာ နာမည်အမျိုးမျိုးရှိတယ်။"

ဖန်းချီသည် သူတို့အား အခြေခံအသုံးအနှုန်း အချို့ကိုသာ ရှင်းပြနိုင်ခဲ့သည်။ပုံမှန်အားဖြင့်၊ လူအနည်းငယ်က ဤအသုံးများသည့် အသုံးအနှုန်းများကို ကစားသမားသစ်များကို ရှင်းပြတတ်ကြပါသည်။

ကစားသမားများသည် မတူညီသောအတန်းများ၏ တူညီသော စွမ်းရည်များ နှင့် အကျိုးသက်ရောက်မှုများ၏ တရားဝင် အမည်များကို အသုံးပြုနားလည်ဖို့ သိပ်အားမထုတ်ရပါ။

သူတို့သည် တဖြည်းဖြည်းနှင့် ဂိမ်း အသုံးအနှုန်းများအား သိသာသော နာမည်ပြောင်များ ပေးလာကြမည် ဖြစ်သည်။

ဤဝေါဟာရများသည် ကစားသမားဟောင်းများအတွက် ပွင့်လင်းပြီး နားလည်ရ လွယ်ကူသောကြောင့် ဝင်ရောက် စီးနင်းမှုကို ရိုးရှင်းပြီး ထိရောက်စေသည်။သို့သော် ယခုမှ ဂိမ်းထဲမှာ အချက်အလက်အသစ်တွေ အမျိုးမျိုးကို နားလည်စ ပြုသည့် ကစားသမားသစ်တွေအတွက်တော့ ချိတ်ဆက်ဖို့ ခက်ခဲပါသည်။

ယခုအချိန်တွင် စကားလတ်ဘုရားကျောင်းလို အင်းစတန့်တစ်ခုကို လုပ်ဆောင်နိုင်သည့် အဖွဲ့ကြီး အနည်းငယ်သာ ရှိသေးသည်။

"ကျုပ်က တိုက်ရိုက်လွှင့်ပြီး စတင်သူတွေကို သင်ပေးပါ့မယ်။"

ဆိုင်ဟောင်းရှိ ကစားသမားအများစုသည် ဒီအားဘလိုလို ဂိမ်းများကို ကစားခဲ့ကြပြီး လမ်းညွှန်အချို့ကို ဖတ်ပြီးနောက် သူတို့ကိုယ်တိုင် စီးနင်းမှု ပြုလုပ်နိုင်လာကြသည်။

ထို့ကြောင့် ဖန်းချီသည် ဆိုင်အသစ်တွင် တိုက်ရိုက်ထုတ်လွှင့်မှုကို ထည့်သွင်းလိုက်ပါသည်။

"အိုး…?"

ဧည့်ခန်း ဧရိယာရှိ ဖန်သားပြင်ကြီးမှာ ရုတ်တရက် လင်းလာသည်ကို အော့ဖ်လိုင်းလုပ်နေသော ဒီးကတ်စ် တွေ့လိုက်ရသည်။

"ဆိုင်ပိုင်ရှင်က ဝိညာဉ်မန္တန်အမြင်အာရုံထုတ်လွှင့်မှု လုပ်တော့မှာလား။"

ဒီးကတ်စ်အား အဖော်ပြုနေသော မှော်ဆရာများသည် ဖန်သားပြင်ကြီး ကို သိလိုစွာ စိုက်ကြည့်လာကြသည်။

ဆိုင်ထဲသို့ ယခုမှ ဝင်လာသော လူတစ်ပိုင်းသားရဲ အချို့လည်း ဖန်သား ပြင်ကြီးအား ကြည့်လိုက်ကြသည်။

"သူက စကားလတ်ဘုရားကျောင်းမှာ စီးနင်းမှု လုပ်မှာလား။"

ဒီးကတ်စ်မှာ အေးခဲသွားသည်။

အချိန်တွေကြာလာသည်နှင့်အမျှ ဒီးကတ်စ်သည် ကစားသမားဟောင်း တွေနှင့် စီးနင်းမှုတွေလုပ်ရင်း အများကြီး သင်ယူခဲ့ပြီးပါပြီ။အတွေ့အကြုံ မ ရှိသည့် ကစားသမား အသစ်စက်စက်လေး မဟုတ်တော့ပေ။

အနီးနားရှိ ကစားသမားတစ်ဦးကလည်း သတိရကာ

"အမ်… ဒီနာမည်… ဒါက ဘယ်သူမဆို သူ့အဖွဲ့မှာ ပါဝင်နိုင်တယ် ဆိုပြီး စကားလတ်ဘုရားကျောင်းရဲ့ အပြင်ဘက်မှာ အော်ခဲ့တဲ့ ကစားသမား မဟုတ်ဘူးလား။"

ဟု အော်ဟစ်လိုက်သည်။

"ဘယ်သူမဆိုလား?" ကစားသမားတော်တော်များများ မှင်သက်သွားကြသည်။

စင်စစ်မှာတော့ ၎င်းက ဂိမ်းထဲမှာ အခက်ခဲဆုံး အင်းစတန့် ဖြစ်ပါသည်။ ယခုအချိန်တွင် ဖန်းချီက စီးနင်းမှုကို စတင်လိုက်တော့သည်။အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဟောင်းမာစတာလော့ဆေးသည် အမှန်တကယ်ပင် ဘော့စ်တစ်ကောင်ဖြစ်သည်။

ပိုလီမော့ဖ် ရှီးပ်နှင့် ဟိုင်ဘာနိတ် မန္တန်၏ အကူအညီဖြင့်၊ အဖွဲ့ဝင်အားလုံးသည် လက်တွေ့ကမ္ဘာတွင် ကြီးမားသောခွန်အားနှင့် အဆင့်မြင့်တိုက်ခိုက်ရေးစွမ်းရည်များရှိသောကြောင့် လွယ်ကူသောစီးနင်းမှုတစ်ခုဖြစ်ခဲ့သည်။

စာကြည့်တိုက်ရှိ ဘော့စ်မှာ အာကန်းနစ် ဒိုအန် ဖြစ်သည်။မူရင်းဂိမ်းနှင့် ကွဲပြားစွာ၊ စနစ်ဗားရှင်းရှိ ဘော့စ်သည် ပင်ကိုယ်အသိစိတ် ရှိနေခြင်း၊ပိုလီမော့ဖ် ရှီးပ်၊ဘလင့်ခ်၊ နှင်းခဲနိုဗာ နှင့် ဆန်းကြယ်ပေါက်ကွဲချက် အပါအဝင် ထိုအဆင့်တွင် မှော်မန္တန် အားလုံးကို ထုတ်ဖော်နိုင်သည်။

ဟုတ်ပါသည်။တစ်ခုတည်းသောသတင်းကောင်းကတော့ မှော်ဆရာတစ်ယောက်အနေနှင့်၊ ဒီ ဘော့စ်က တခြားအတန်းအစားတွေလို သန်မာသည့် ခန္ဓာကိုယ် မရှိသလို HP လည်း အများကြီး မပါဝင်ပါချေ။

" ဒီဘော့စ်ကို ဖျက်ဆီးဖို့ ကျုပ်တို့ တစ်ချိန်လုံး တန့်ခ်ကို အသုံးမပြုနိုင်ဘူးဗျ။ "

ထို့နောက် ဖန်းချီက ဆက်လက် ရှင်းပြခဲ့သည်။

"ဒါက ဘလင့်ခ်ကို သုံးနိုင်တဲ့အတွက် စစ်သားတွေကို ထိန်းထားဖို့ မဖြစ်နိုင်ဘူး။ ဒါပေမယ့် ဘလင့်ခ်ကို သုံးတဲ့အခါ ဒီကောင်က ထိန်းချုပ်မှုအချို့ကို

ခံနိုင်ရည်နည်းသွားပြီ။မှန်ကန်တဲ့ အခြေအနေတွေ ရှိရင် ကျုပ်တို့..လှုပ်ရှားပြီး ချက်ချင်း တိုက်ခိုက်နိုင်တယ်...

"ဥပမာ၊ လူဆိုးတွေဆို ဂေါက်ဂျ်ကို သုံးနိုင်တာပေ့ါ။"

ဖန်းချီ ပြောနေတုန်းမှာပဲ..ဘော့စ်က ဘလင့်ခ်ကို သုံးလိုက်၍ အလင်းတန်းတစ်ခု လင်းထိန်သွားသည်။သို့သော် ဖန်းချီ၏ ဓားမြှောင်က လည်း တစ်ချိန်တည်းနီးပါးတွင် ပြင်းထန်စွာ ပျံသန်းလာသည်။

ဘော့စ်က ဘလင့်ခ်ကို သုံးပြီး ပျံသန်း ထွက်ပြေးသည်။သို့သော် ၎င်းက ဒရူး‌ဒ်၏ အရှေ့မှာ ရောက်သွားရသည့်အခါ ထိန်းချုပ်ခံလိုက်ရသည်။

"အလိုလေး!"

"ငါတို့ ဒါကို တကယ်လုပ်နိုင်တာလား?!"

ပရိသတ်သာမက ဖန်းချီ၏ အဖွဲ့ဝင်များကလည်း ဤမြင်ကွင်းတွင် အေးခဲသွားကြသည်။

"ဘာကို စောင့်နေတာလဲ။အပျက်အစီးကို မြန်မြန်ရှင်းပစ်!"

"တန့်ခ်က အမှားလုပ်မိရင် နောက်တန်းမှာရှိတဲ့ ကစားသမားတွေက သူတို့ကိုယ်သူတို့ ကာကွယ်ရမယ်။ ဥပမာအားဖြင့်၊ မှော်ဆရာက ဘလင့်ခ်ကို သုံးနိုင်တယ်။ဒရူး‌ဒ်ကကျ ဝက်ဝံအသွင် ပြောင်းနိုင်တယ်။ဒါကြောင့် မင်းတို့ မြန်မြန် တုံ့ပြန်ရမယ်။"

သေချာသည်မှာ အရေခွံ ထူထဲသော ဝက်ဝံသည် ချက်ချင်း သေဖို့ရန် ခဲယဉ်းသည်၊ ဆိုလိုသည်မှာ အသင်းဖော်များအားလုံး အချိန်မီလာရောက်ကူညီပါက အသင်းသည် ၎င်းကို ဆက်လက်တိုက်ခိုက်နိုင်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။

"ငါတို့ နားလည်ပါပြီ..!"

ကစားသမားများ နားလည် သဘောပေါက်သွားကြပါသည်။

...

ဤသို့ဖြင့် ဖန်းချီက အရှေ့က ဦးဆောင်ပြီး သူ့အဖွဲ့သည် အသည်းအသန် တိုက်ခိုက်ခဲ့ကြသည်။

"သူတို့... အခု နောက်ဆုံးဇုန်ကို ရောက်နေတာလား။"

"ဘယ်လိုဖြစ်တာလဲ... ဒီအင်းစတန့်က သိပ်တောင် မခက်တော့ သလိုပါပဲလား..."

ထိုအချိန်တွင် ဖန်းချီသည် အဖွဲ့ဝင်လေးဦးအား အင်းစတန့်တစ်ခုလုံး၏ နောက်ဆုံးဇုန်သို့ ဦးဆောင်လာခဲ့သည်။

၎င်းက ကြီးကျယ်ခမ်းနားလှပြီး လက်ရာမြောက်လှသည့် ဘုရားရှိခိုးကျောင်း ဖြစ်ပြီး၊ ဒီအင်းစတန့်၏ အဆုံးသတ် ဖြစ်ပါသည်။

"အရင်က ပြောခဲ့သလိုပဲ ကျုပ်တို့က ဘော့စ်နဲ့ ထိပ်တိုက်မဆုံခင် မော့ဘ်ကောင်တွေကို ရှင်းပစ်ရမယ်။ဒီလိုမှမဟုတ်ရင် ဘော့စ်က ကျုပ်တို့တိုက်နေတဲ့အချိန်မှာမော့ဘ်တွေကို ဆင့်ခေါ်လိမ့်မယ်။နှစ်ဖက်စလုံးကနေ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်မှုက ကျုပ်တို့ တစ်ဖွဲ့လုံးကို ချေမှုန်းပစ်နိုင်တယ်နော်။"

"ဟုတ်လား..."

"အလို! များလိုက်တဲ့ စကားလတ်ကရူးဆေးဒါးတွေ။..."

တိုက်ပွဲက ပြင်းထန်ပြီး အန္တရာယ်များ ပြည့်နှက်နေသော်လည်း ဖန်းချီက သူ့အဖွဲ့ကို ဘော့စ်ဆီ တဖြည်းဖြည်း ဦးဆောင်နေဆဲ ဖြစ်၏။

သွေးနီရောင် ချပ်ဝတ်တန်ဆာကို ဂုတ်ဆင်ထားသော ရှေးသူရဲကောင်းကတော့ စကားလတ်ကရူးဆေးဒါး၏ ခေါင်း ဆောင်...တပ်မှူးမိုဂရိန်း

ဖြစ်သည်။

မိုဂရိန်းသည် ဖခင်ဖြစ်သူကို သတ်ခြင်းဖြင့် အာဏာရယူပြီး စကားလက်ကရှူးဆေးဒါးများကို ထိန်းချုပ်ထားသည် ဟုလည်း ကောလဟာလအချို့ ရှိခဲ့သည်။

သူ့အဖေက သူ့အား တစ်စုံတစ်ယောက်နှင့် မေတ္တာမျှသည်ကို သဘောမတူခဲ့သောကြောင့် မိုဂရိန်းက သူ့ဖခင်ကို သတ်ပစ်ခဲ့သည်ဟူသော အခြားကောလာဟလများလည်း ရှိခဲ့သည်။

အဘိုးအိုက သူ့သားကို ရှေးအယူဝါဒများအား တင်းတင်းကျပ်ကျပ်လိုက်နာပြီး အမျိုးသမီးတွေကို တင်းကြပ်စွာ ရှောင်ရှားဖို့ ကျင့်သုံးစေခဲ့သည်။အမျိုးသမီးများကို ကာကွယ်ရန် ရှေးသူရဲကောင်းတို့အတွက် တာဝန်ရှိသော်လည်း စိတ်ခံစားမှုနှင့် တပ်မက်မှုသည် ရှေးသူရဲကောင်းများ၏ တိုက်ခိုက်လိုစိတ်အား အားနည်းစေသောကြောင့် သူမတို့ကို ပိုင်ဆိုင်ခွင့် မရှိပေ။

ရှေးသူရဲကောင်းများသည် အလွန်တင်းကျပ်သော အယူဝါဒများနှင့် နှိမ့်ချမှု၊ ဂုဏ်အသရေ၊ သတ္တိရှိမှု၊ အနစ်နာခံမှု၊ ကရုဏာ၊ ယုံကြည်မှု၊ ရိုးသားမှုနှင့် တရားမျှတမှုတို့ကို လိုက်နာခဲ့သည်။

ထို့ကြောင့် တော်ဝင်အလင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဆိုင်ရာ အတန်းများ၏ စွမ်းရည်များကြားရှိသော်လည်း ရှေးသူရဲကောင်းနှင့် ဘုန်းတော်ကြီးကဲ့သို့သော ဤအတန်းများအား ကစားသမားများစွာက မကစားကြခြင်းဖြစ်သည်။

မိုဂရိန်းသာမက ကစားသမားတိုင်းသည် ဤဝါဒများကို မလိုက်နာနိုင်ပါ။အမှန်က တော့၊ တကယ့်အကြောင်းရင်းက နတ်ဆိုးများ၏ သွေးဆောင်ဖျားယောင်းမှု ဖြစ်နိုင်ပါသည်။

နောက်ဆုံးတွင် မိုဂရိန်းသည် လူတိုင်း မုန်းတီးသော သစ္စာဖောက် ဖြစ်လာခဲ့သည်။

"ဒီဘော့စ်ကလည်း အနိုင်ယူဖို့ လွယ်ပါတယ်" ဟု ဖန်းချီက ဆက်လက် ရှင်းပြသည်။

"..."

ဒီးကတ်စ်၏ မျက်နှာ မည်းမှောင်နေရင်း ဖန်းချီအား ပြန်ရန်တွေ့လိုက် သည်။

"ဟွန့်။နင့်အတွက်တော့ ဘော့စ်တိုင်းက လွယ်နေမှာပဲဟ?"

ကစားသမားသစ်များ၏ ပူးပေါင်းဆောင်ရွက်မှုတွင် ပြဿနာအချို့ရှိ နေသည်မှာ အသေအချာပင်။

ဖန်းချီ၏ အမိန့်အရ မိုဂရိန်းအား နှိမ်နင်းနိုင်ဖို့ သူတို့အတွက် အတော် လေး အချိန်ယူခဲ့ကြရသည်။

"ဒီလို ကျော်ဖြတ်နိုင်ကြတာလား!?"

ကစားသမားတော်တော်များများ အသက်ရှူဖို့ပင် မေ့လျော့သွားကြသည်။

..... ဟင်..!ဒါက သိပ်တောင် ခက်ခဲပုံ မပေါ်ဘူး...။.....

သို့သော် ဤအခိုက်အတန့်တွင် ဘုရားကျောင်း အနောက်ဘက်မှ ဖျတ်ခနဲ ထွက်ပေါ်လာသော ပုံရိပ် တစ်ခုကို လူတိုင်း တွေ့လိုက်ရသည်။

သွေးနီရောင် ဘုန်းတော်ကြီး ဝတ်ရုံကို ဂတ်ထားသော ဘုန်းတော်ကြီး အတန်းအစား အမျိုးသမီး ဖြစ်သည်။

"ငါ့ရဲ့ချန်ပီယံ ..ထလော့..။"

"ကောင်းပြီ။"

ရွှေရောင်အလင်းတန်းနှင့် လွှမ်းခြုံထားပြီး လူတိုင်း၏ ကြည့်ရှုနေကြသော မျက်လုံးများအောက်မှာ နောက်ဆုံး ဘော့စ်သည် ရှင်သန် ထမြောက်ခဲ့ပါသည်။

"ဘာဖြစ်တာလဲ။?"

ပရိသတ်ကြီးက နားမလည်နိုင်၊အေးခဲသွားကြသည်။

ကစားသမားတွေ တချိန်လုံး သတ်ဖို့ ကြိုးစားခဲ့တဲ့ ဘော့စ်က HPအပြည့်နဲ့ ပြန်ထလာခဲ့တာလား။

နတ်ဘုရားစာအုပ် စူးစမ်းမှုနှင့် လူသေအလောင်းများ ပြန်လည်အသက်ဝင်ရေး အင်းစတန့်တွင်၊ ရှင်ပြန်ထမြောက်ခြင်းမန္တန်များကို အလွန်တင်းကျပ်သော အခြေအနေဖြစ်သည့် လုံးဝတိတ်ဆိတ်သော ပတ်ဝန်းကျင်တွင်သာ သွန်းလောင်းနိုင်သည် မဟုတ်ပါလား။

သို့သော် ယခုအချိန်တွင်၊ ရှင်ပြန်ထမြောက်ခြင်းကို စစ်မြေပြင်တွင် ကောင်းစွာအသုံးပြုနေသည်လား။

ဇာတ်လမ်းကို စိတ်ကူးကြည့် ကြည့်ပါ-

ပြင်းထန်သော တိုက်ပွဲတစ်ခု အပြီးတွင် စွမ်းအားကြီး ရန်သူသည် နောက်ဆုံးတွင် သင့်ခြေရင်း၌ လဲကျသွားမည်။

သင်သည် ခြေကုန်လက်ပန်းအကျဆုံး အနေအထားတွင် ရှိနေစဉ်တွင် တစ်စုံတစ်ဦးက

"ထလော့၊ ငါ့ရဲ့ချန်ပီယံ"

ဟု ရေရွတ်သည်ကို ရုတ်တရက် ကြားလိုက်ရပြီးနောက်တွင် သင် သတ်ပစ်ခဲ့သော အင်အားကြီးရန်သူသည် တော်ဝင် အလင်းဖြင့် လွှမ်းခြုံကာ အကောင်းပကတိ ထရပ် လာလေသည်။

ထိုသို့ ဆိုလျှင် သင် မည်သို့ ခံစားရမည်နည်း။?!

...ဒါ...ဒါက တကယ်ပဲ စတင်သူတွေအတွက် တိုက်ရိုက်ထုတ်လွှင့်တဲ့ သင်ကြားမှု အပိုင်းလေး မှ ဟုတ်ရဲ့လား။...

***